မင်းကွန်းဘိုးဘွားရိပ်သာ

အကြောင်းသိကောင်းစရာ

ဖွားဦးဇွန်း

၁၉၁၅-ခုနှစ်တွင် စတင်တည်ထောင်သည်။

မင်းကွန်းဗုဒ္ဓဘာသာ ဘိုးဘွားရိပ်သာ

နိဒါန်း

မင်းကွန်းသို့ရောက်လျှင် ထင်ရှားသောဘုရားစေတီ (၁၃)ဆူ၊ ကျောင်းပေါင်း(၂၈)ကျောင်းတို့ကို ရောက်အောင်သွားနိုင်မှ မင်းကွန်းရောက်သည်မည်ပါသည်။ ၎င်းတို့တွင် မင်းကွန်း ပုထိုးတော်ကြီး၊ ခေါင်းလောင်းကြီး၊ ခြင်္သေ့ကြီး၊ မြသိန်းတန်းစေတီ၊ မိုးမိတ်ကုန်းမြေ၊ ဓမ္မနာဒကျောင်းတိုက်တို့ကိုသာ လူသိများပြီး အရောက်အပေါက်များပါသည်။ မင်းကွန်းနှင့်ယှဉ်တွဲလျက် အမြဲ ထာဝစဉ် သတိရနေရမည့် နေရာဌာနတစ်ခုကား မင်းကွန်းဗုဒ္ဓ ဘာသာ ဘိုးဘွားရိပ်သာပင်ဖြစ်တော့သည်။

တည်နေရာ

မင်းကွန်းဘိုးဘွားရိပ်သာသည် မန္တလေးမြို့အထက် (၇)မိုင်ခန့်အကွာ ဧရာဝတီမြစ်တစ်ဖက်ကမ်း စစ်ကိုင်းမြို့နယ် မင်းကွန်းကျေးရွာအနီးတွင်တည်ရှိပါသည်။ မင်းကွန်းဘိုးဘွား ရိပ်သာ၏ မြောက်ဖက်တွင် မြသိန်းတန်စေတီနှင့် ရှားရောင်းကျေးရွာ တည်ရှိပြီး တောင်ဖက်တွင် မင်းကွန်းပုထိုးတော်ကြီး၊ ခြင်္သေ့ကြီးနှင့် မင်းကွန်းကျေးရွာတည်ရှိပါသည်။ အရှေ့ဖက်တွင် ဧရာဝတီမြစ်ကြီး ကာဆီးလျက်ရှိပြီး တစ်ဘက်ကမ်းတွင် နန်းတော်ကျွန်းရွာတည်ရှိပါသည်။ အနောက်ဖက်တွင် ကမ္ဘာကျော် မင်းကွန်း ခေါင်းလောင်းတော်ကြီးနှင့် ဆရာတော်၊ သံဃာတော်၊ မထေရ်ကျော်များသီတင်းသုံး နေထိုင်တော်မူရာ မင်းဝံတောင်တန်းကြီး ကာဆီးလျက်ရှိပါသည်။

အကျယ်အဝန်း

မင်းကွန်းဘိုးဘွားရိပ်သာသည် အကျယ်အဝန်းအားဖြင့် တောင်မြောက်ပေ(၂၀၀)ခန့်နှင့် အရှေ့အနောက်ပေ (၃၀၀)ခန့်၊ ဧကအားဖြင့်(၃. ၇၅)ဧကခန့်ကျယ်ဝန်းပြီး သစ်ပင်ကြီးငယ်များ အုံ့ဆိုင်းလျှက် အေးချမ်းသာယာသည့် နေရာဌာနတစ်ခုဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါသည်။

စတင်ပေါ်ပေါက်လာပုံ

မင်းကွန်းဘိုးဘွားရိပ်သာကို စတင်ပျိုးထောင်သူမှာ ဖွားဦးဇွန်း ဖြစ်ပါသည်။ ဒေါ်ဦးဇွန်းကို(၁၂၃၀)ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၅)ရက်၊ သောကြာနေ့တွင် ပိုးကုန်သည် ဦးအိ+ဒေါ်မျှင် တို့မှ မန္တလေးမြို့၌ ဖွားမြင်ခဲ့ပါသည်။

ဒေါ်ဦးဇွန်းသည် မိဘနှစ်ပါး ဘဝတစ်ပါး ပြောင်းသွားသောအခါတွင် စိတ်ပျော်ရွှင်ချမ်းမြေ့ခြင်းမရှိတော့ဘဲ၊ ကွယ်လွန်သူ မိဘနှစ်ပါးကိုသာ သတိတရရဖြစ်နေသဖြင့် စိတ်ပြေလက်ပျောက် ရန်ကုန်မြို့သို့ ဘုရားဖူးသွားရောက်ခိုက် ပြင်သစ်ခရစ်ယာန် သီလရှင်များ လူအိုရုံသို့ဝင်ရောက်လေ့လာကြည့်ရှုခဲ့သည်။ ခိုကိုးရာမဲ့ ဖြစ်နေသော ဘိုးဘွားများအား ခရစ်ယာန်သီလရှင်များမှကောင်းမွန်စွာ ကျွေးမွေးပြုစုစောင့်ရှောက်ထားသည်ကို တွေ့သောအခါ ထိုလုပ်ငန်း ကိုများစွာ နှစ်သက်သဘောကျသွားသည်။ ခိုကိုးရာမဲ့များအား ကျွေးမွေး စောင့်ရှောက်ထားခြင်းသည် မြတ်သောအမှု၊ မြတ်သောဒါန ဖြစ်သည်ဟူ၍ တွေးမိသည်။ ခရစ်ယာန် သာသနာပြုတို့နည်းတူ

ဗုဒ္ဓဘာသာမြန်မာများသည် ထိုလုပ်ငန်းမျိုးကို လုပ်ဆောင်သင့်သည်ဟု အကြံဖြစ်မိသည်။ ယင်းသို့တွေးမိအကြံဖြစ်မိရာမှ ထိုလုပ်ငန်းကို မိမိကပင် စတင်ဦးဆောင်လုပ်တော့မည်။ ကွယ်လွန်သူမိဘနှစ်ပါး ကိုယ်စား အသက်ထင်ရှားရှိနေသော ခိုကိုးရာမဲ့ဘိုးဘွားများကို ပြုစုစောင့်ရှောက်ခြင်းဖြင့် စိတ်ချမ်းသာမှုကို ရှာတော့မည်ဟူ၍သိန္နိဋ္ဌာန်ချလိုက်သည်။

ဒေါ်ဦးဇွန်းသည် မန္တလေးမြို့သို့ ရောက်သောအခါ ထိုလုပ်ငန်းကိုစတင်အကောင်အထည်ဖော်လေသည်။ ၁၂၇၆ခုနှစ်၊ ပြာသိုလပြည့်ကျော်(၁၂)ရက် (၁၁-၁-၁၉၁၅)ခုနှစ်၊ တနင်္လာနေ့တွင် မင်းကွန်းရွာရှိ မင်းကွန်းခေါင်းလောင်းကြီးအနီး အေးချမ်းသာယာလှသော မြေနေရာ၌ ကမ္မဋ္ဌာန်းကျောင်း(၃)ကျောင်း ဆောက်သည်။ ထို့နောက် အသက်(၉၅)နှစ်အရွယ်ရှိဘိုးဆင့်၊ အသက်(၉၈)နှစ်အရွယ်ဘွားစိုးနှင့် အသက်(၈၅)နှစ်အရွယ်ရှိဘွားမယ်တို့(၃)ဦးအား ဒေါ်ဦးဇွန်းကိုယ်တိုင် အဖော်မိန်းကလေးတစ်ဦး၏ အကူအညီဖြင့် ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သည်။

၁၂၈၀ ပြည့်နှစ်တွင် ဘိုး၊ ဘွား(၂၀)ဦးအထိ တိုးချဲ့လက်ခံနိုင်ခဲ့ပြီး၊ ကုန်ကျစရိတ်အားလုံးကို ဒေါ်ဦးဇွန်းတစ်ဦးတည်းကသာ ကျခံခဲ့ပေသည်။

၁၂၈၀(၁၉၁၉)ခုနှစ်ရောက်ချိန်မှစ၍ ဦးဘဂျမ်း၊ ဦးမောင်ကြီးတို့နှင့်ပူပေါင်းလျက် "မင်းကွန်းဗုဒ္ဓဘာသာ လူအိုရုံအသင်း"ကို တည်ထောင်ကာ ရန်ပုံငွေဖွင့်လှစ်ခဲ့သည်။

၁၂၈၈(၁၉၂၆)ခုနှစ်တွင် ယခုလက်ရှိနေရာသို့ ပြောင်းရွှေ့ခဲ့သည်။ ဒေါ်ဦးဌွန်းသည် မင်းကွန်းလူအိုရုံ တစ်ခုတည်းနှင့် ကျေနပ်အားရနိုင်ခြင်းမရှိဘဲ (၁၂၈၉)ခုနှစ်တွင်သထုံ၊ (၁၂၉၀)ပြည့်နှစ်တွင် ပေါင်းတည်၊ (၁၂၉၅)ခုနှစ်တွင် ရန်ကုန်(နှင်းဆီကုန်း)၊ (၁၂၉၉)ခုနှစ်တွင် ပခုက္ကူမြို့များ၌လည်း လူအိုရုံများကို တည်ထောင်ခဲ့သည်။ ရှိသမျှစည်းစိမ်ဥစ္စာများအားလုံးကိုလည်း လူအိုရုံများသို့ ရက်ရောစွာ လှူဒါန်းလိုက်သည်။

ဒေါ်ဦးဌွန်းသည် အသက်ရွယ်(၆၀)ပြည့်နှစ်တွင် ပေါင်းတည်လူအိုရုံ၌ သီလရှင်ဘဝသို့ ကူးပြောင်း၍ လူအိုရုံလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ သီလရှင်ဘွဲ့မှာ (ဖွားသုမာလာ) ဖြစ်သည်။

ဒေါ်ဦးဌွန်းသည် အသက်(၇၆)နှစ်အရွယ်(၁၁-၅-၄၄) စစ်ကာလအတွင်း သူမြတ်နိုးတွယ်တာလှသည့် မင်းကွန်းလူအိုရုံ၌ပင် ကွယ်လွန်ရှာလေသည်။

ဖွားဦးဌွန်းကွယ်လွန်ပြီးသည့်နောက်ပိုင်းတွင် ဖွားဦးဌွန်းနှင့် အတူ မင်းကွန်းလူအိုရုံအသင်းကြီး စတင်တည်ထောင်ချိန်မှစ၍ ပူးတွဲကူညီဆောင်ရွက်ပေးခဲ့သူ ဘီ၊ အိုင်၊ အေ ဦးမောင်ကြီးက မင်းကွန်းလူအိုရုံကြီးကို (၁၉၆၉)ခုနှစ် ကွယ်လွန်သည့်အချိန်တိုင်အောင် ဦးဆောင်ဦးရွက်ပြုလုပ်လျက် စောင့်ရှောက်ပေးခဲ့ပါသည်။

အုပ်ချုပ်မှုအဖွဲ့ပေါ်ပေါက်လာပုံ

၁၉၇၃ ခုနှစ်နောက်ပိုင်းကာလတွင် နိုင်ငံတော်အစိုးရမှ မင်းကွန်းလူအိုရုံ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များကို အသင်းသားများထဲမှ ရွေးချယ်တင်မြှောက်သည့်စနစ်အား ပယ်ဖျက်လိုက်ပြီး၊ နိုင်ငံတော် အစိုးရ၏ ကြီးကြပ်မှုဖြင့်သာ စီမံအုပ်ချုပ်ခဲ့ပါသည်။

၁၉၈၁ ခုနှစ်၊ ရောက်သည့်အချိန်တွင် မန္တလေးတိုင်း ပြည်သူ့ ကောင်စီ၊ အလုပ်အမှုဆောင်အဖွဲ့မှ ဖွဲ့စည်းမိန့်အမှတ် (၄/၈၁)ဖြင့် ဖွဲ့စည်းခဲ့ပြီး၊ မင်းကွန်းဗုဒ္ဓဘာသာ လူအိုရုံအသင်းအား မင်းကွန်းဗုဒ္ဓ ဘာသာလူအိုရုံ အုပ်ချုပ်စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီအဖြစ် ပြောင်းလဲပြင်ဆင်ခဲ့ပါသည်။

မင်းကွန်းလူအိုရုံသည် အုပ်ချုပ်မှု ကော်မတီအဖွဲ့တစ်ဖွဲ့မှ တစ်ဖွဲ့သို့ လက်ဆင့်ကမ်းလာခဲ့ရာ ယနေ့လက်ရှိအဖွဲ့သည် မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ (၆-၃-၉၁)နေ့စွဲပါစာအမှတ် ၀၄၅/၂-၆၃/တဝတ)၊ ဖွဲ့စည်းမိန့်အမှတ်(၄၄/၉၁) (တဝတ)ဖြင့် "ဘိုးဘွားများအပေါ် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့်ဆောင်ရွက် သွားကြရန်" တာဝန်ပေးအပ်ဖွဲ့စည်းခဲ့သော အဖွဲ့ဖြစ်ပါသည်။

ဖွဲ့စည်းပုံ

လက်ရှိအုပ်ချုပ်မှုအဖွဲ့တွင် နာယကအဖြစ် မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးနှင့် ဥက္ကဋ္ဌအဖြစ် မန္တလေး ချမ်းအေးသာစံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးအပါအဝင် မန္တလေးမြို့ပေါ်မှ ပုဂ္ဂိုလ်ကြီး

(၁၄)ဦး၊ မင်းကွန်းကျေးရွာမှ နယ်မြေခံပုဂ္ဂိုလ်ကြီး(၄)ဦး၊ စုစုပေါင်း (၁၈)ဦးဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

အုပ်ချုပ်မှုအဖွဲ့ဝင် ပုဂ္ဂိုလ်ကြီးများက လုပ်ငန်းများ လျှင်မြန်သွက်လက်စွာ အကောက်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် ဆပ်ကော်မတီအဖွဲ့ငယ်များ ထပ်မံဖွဲ့စည်းလျက် မန္တလေးရုံးနှင့် မင်းကွန်းဘက်ဌာနတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်းများနှင့် ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် မင်းကွန်းလူအိုရုံ၊ အုပ်ချုပ်စောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့၏ ဥပဒေရေးရာ ကိစ္စရပ်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ပါတ်သက်၍ လိုအပ်သောအကြံဉာဏ်များ ပေးနိုင်ရန်အတွက် မန္တလေးမြို့ပေါ်ရှိ လူအိုရုံအပေါ် စိတ်ဝင်စားသော ရှေ့နေကြီးများကိုလည်း ဥပဒေအကြံပေးအဖြစ် ကူညီဆောင်ရွက်စေလျက် ရှိပါသည်။

ရည်ရွယ်ချက်

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိကြသော သားထောက်သမီးခံမရှိ၊ ရှိပြန်ပါကလည်း ဆင်းရဲနွမ်းပါးကြ၍ ကျွေးမွေးထောက်ပံ့မှု မပြုနိုင်သဖြင့် စားဝတ်နေရေးအတွက် အတိဒုက္ခနှင့် ရင်ဆိုင်ကြုံတွေ့နေကြရရှာသော သက်ကြီးရွယ်အို ဘိုး/ဘွားများအား လူမျိုး၊ ဘာသာ၊ အဆင့်အတန်း ခွဲခြားမှုမရှိဘဲ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းမှုများနှင့် ညီညွတ်ပါက အချိန်မရွေးလက်ခံကျွေးမွေးသွားရန်နှင့် လူအိုရုံသို့ ရောက်ရှိနေထိုင်စဉ် တိုတောင်းလှသော အချိန်ပိုင်းကာလ

အတွင်း စိတ်ပျော်ရွှင်ချမ်းမြေ့ရေး၊ ကိုယ်ခန္ဓာကျန်းမာရေးနှင့် ဘဝကူး ကောင်းမွန်ရေးတို့အတွက် တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက် ပေးသွားရန်ဖြစ်သည်။

ဘိုး/ဘွားလက်ခံမှု

(၁) အသက်(၇၀)နှစ်ပြည့်သူဖြစ်ရမည်။ (အသက် (၇၀)ပြည့်မှီရန် (၂)နှစ်(၃)နှစ်ခန့်လိုသော်လည်း စားဝတ်နေရေးအတွက် အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း မှန်ကန်ပါက ချွင်းချက်အဖြစ်လက်ခံပါမည်။)

(၂) သားသမီး ဆွေမျိုးကျောထောက်နောက်ခံမရှိသူဖြစ်ရမည်။ (သားသမီးဆွေမျိုးရှိသော်လည်း ဆင်းရဲနွမ်းပါးကြသဖြင့် ကျွေးမွေးထောက်ပံ့မှု မပြုနိုင်ကြောင်း မှန်ကန်ပါက ချွင်းချက် အဖြစ် လက်ခံပါမည်။)

(၃) အထက်ပါအချက်များအတွက် အမျိုးသားမှတ်ပုံကဒ်ပြား(သို့) နိုင်ငံသားစိစစ်ရေးကဒ်ပြားနှင့် အိမ်ထောင်စုဇယားများ တင်ပြနိုင် သူဖြစ်ရမည်။

(၄) ကျန်းမာရေးကောင်းမွန်သူ၊ စိတ်ဖောက်ပြန်ခြင်းမရှိသူ၊ ကူးစက်ရောဂါမရှိသူဖြစ်ရမည်။ (မိမိကိုယ်တိုင် သွားလာနိုင်၍ ကျင်ကြီးကျင်ငယ်ကိစ္စဆောင်ရွက်နိုင်သည့် အခြေအနေရှိ သူဖြစ်ရမည်။)

(၅) လူမှုရေး၊ စီးပွားရေး၊ အရှုတ်အရှင်းကင်းသူဖြစ်ရမည်။

(၆) သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီထံမှ ထောက်ခံချက်ပါရှိပါမည်။

(၇) သက်ဆိုင်ရာ ရပ်ကွက်အတွင်းမှ မိမိအကြောင်းသိသူပုဂ္ဂိုလ် (၂)ဦး လိုက်ပါထောက်ခံရန်နှင့် တာဝန်ယူ၍အပ်နှံပေးရမည့် ခွင့်ပြုချက်ပါရှိရမည်။

(၈) အခြားဘိုးဘွားရိပ်သာ(သို့)လူအိုရုံတို့တွင် နေထိုင်ခဲ့ဘူးခြင်း မရှိသူ ဖြစ်ရမည်။

(၁၀) အထက်ပါအချက်များနှင့် ပြည့်စုံကိုက်ညီသော ဘိုးဘွားများကို မန္တလေးရုံးတွင် ရုံးချိန်အတွင်း လူတွေ့စစ်ဆေးကြည့်ရှု၍ ကိုယ်ရေးရာဇဝင်ရယူလျှက် ပုံစံဖြည့်စွက်ပြီး လက်ခံသွားမည်။ (မမှန်မကန်ပြောဆိုမှုများ နောင်တွင် ပေါ်ပေါက်ပါက အချိန်မရွေး ထုတ်ပယ်ခြင်းကို ခံရပါမည်။) စသည့် အချက်များနှင့်ညီညွတ်ပါက အချိန်မရွေးလက်ခံလျှက် ရှိပါသည်။

အထူးသဖြင့် ဘိုး/ဘွားများသည် မြန်မာပြည်အရပ်ရပ်မှ လာရောက်မှီတင်းနေထိုင်ကြသူများဖြစ်၍ စရိုက်အမျိုးမျိုး၊ အကျင့်အမျိုးမျိုးရှိကြပါသည်။ မိမိတို့ဆင်းသက်လာသော ဘဝချင်းကလည်း မတူညီကြ၍ တချို့စရိုက်ကြမ်းကြသည်။ ဘာမဟုတ်သည့် ကိစ္စလေးကို အကြောင်းပြု၍ တစ်ဦးနှင့်တစ်ဦး ခွန်းကြီးခွန်းငယ် ဆဲရေးတိုင်းထွာ ဆူပူမှုများ လုပ်တတ်ကြသည်။ တချို့ပစ္စည်းအသေးအမွှားလေးများကို ခုံမင်စုဆောင်း၍မိမိနေထိုင်ရာ ပါတ်ဝန်းကျင်တွင် ရှုတ်ပွေစွာ ထားတတ်ကြသည်။ တချို့မှာမူအသက်အရွယ်အရ သတိမေ့လျော့ခြင်း၊ နားလေးမျက်စိမှုံခြင်း၊ စိတ်မူမမှန်တော့သည့် အနေအထားမျိုးသို့ ရောက်ရှိနေခြင်းတို့ကြောင့် ထိန်းသိမ်းရခက်ပါသည်။ ထိုသူအားလုံး

တို့အား စည်းကမ်းများနှင့်အညီ နေထိုင်ရန် ရှင်းလင်းပြောပြ ဖျောင်းဖျ ပေးရပါသည်။

တချို့သော ဘိုး/ဘွားများသည် မိမိတို့၏ သားသမီးများမှ ဆင်းရဲနွမ်းပါးကြသဖြင့် ကျွေးမွေးစောင့်ရှောက်ခြင်း မပြုနိုင်၍ လူအိုရုံသို့ ရောက်ရှိနေထိုင်ရရှာသော်လည်း သားသမီးမြေးမြစ်သံယောဇဉ်များ မပြတ်နိုင်ကြသဖြင့်လည်းကောင်း၊ တချို့မှာ ဘုရားဝတ်တက်၊ ပရိတ်ရွတ်၊ ဥပုသ်သီတင်းနေ့များတွင် ဥပုသ်သီတင်းစောင့်ခြင်းများ မပြုလုပ်လို၍လည်းကောင်း၊ တချို့မှာ လူအိုရုံပြင်ပသို့ သဘောအတိုင်း လှည့်လည်သွားလာခြင်းမပြုရသဖြင့်လည်းကောင်း၊ တချို့မှာ အနေအထိုင်ကြပ်တည်းသည်ဟု အကြောင်းပြ၍လည်းကောင်း၊ ထွက်ခွင့်တောင်းကြပါသည်။ ထိုသို့ ထွက်ခွင့်တောင်းကြသောအခါတွင် လူအိုရုံသို့ မိမိတို့စတင်ဝင်ရောက်စဉ်က အခြေအနေကို ပြန်လည် သတိရစေရန် အကျိုးအကြောင်း ရှင်းလင်းပြောပြ၍ မထွက်ကြရန်နှင့် ထွက်သွားပါက ပြန်ဝင်လိုသည့်အခါတွင် ဝင်ခွင့်မရနိုင်တော့ကြောင်း ပြောကြားသော်ငြားလည်း တချို့မှာ တရားဝင်ထွက်ခွာ၍လည်းကောင်း တချို့မှာ တိတ်တဆိတ်ထွက်ခွာ၍လည်းကောင်း သွားကြပါသည်။ ထိုသို့ ထွက်ခွာသွားပြီးများ မကြာမီအပြင်တွင် ဆင်းရဲဒုက္ခရောက်ရှိကြ ပြန်သဖြင့် လူအိုရုံသို့ ပြန်လည်ဝင်ရောက်နေထိုင်လိုကြသော်လည်း စည်းမျဉ်းစည်းကမ်းအရ လက်ခံနိုင်ခွင့်မရှိတော့သဖြင့် ပြန်သာ လွှတ်လိုက်ရပါတော့သည်။

ဘိုး/ဘွားများလိုက်နာရန် စည်းကမ်းသတ်မှတ်ချက်များ

မင်းကွန်းလူအိုရုံသို့ ရောက်ရှိနေထိုင်ကြသော ဘိုး/ဘွားများသည် အောက်ပါစည်းကမ်းသတ်မှတ်ချက်များနှင့်အညီလိုက်နာနေထိုင်ကြရပါသည်။

(၁) ကျန်းမာသန်စွမ်းသူများ နေ့စဉ်ဘုရားဝတ်တက်/ဝတ်ကပ်ပြုလုပ်ရပါမည်။

(၂) တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင်နှင့် ကူညီစောင့်ရှောက် ရပါမည်။

(၃) ရန်ခိုက်ဒေါသဖြစ်ခြင်း၊ ခွန်းကြီးခွန်းငယ် ဆဲရေးခြင်း၊ အလှူရှင်များ စိတ်မချမ်းမသာဖြစ်သည့် အမူအရာနှင့် အလှူခံခြင်းများလုံးဝမပြုလုပ်ရပါ။

(၄) မိမိတို့နေထိုင်သော အိမ်ယာနှင့် အဆောင်ကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် အမြဲတန်း သန့်ရှင်းစင်ကြယ်စွာ ထားရှိနေထိုင်ရပါမည်။

(၅) လူအိုရုံဝင်းအပြင်သို့ ထွက်၍လည်ပတ်ခြင်းမပြုရပါ။

(၆) ဂေဟာမှူး၏ ခွင့်ပြုချက်ရရှိပါက ကျန်းမာသူများ မိမိနေရပ်သို့ (၆)လတစ်ကြိမ်ခွင့် (၅)ရက် ပြန်နိုင်သည်။

(၇) လူအိုရုံမှ ထုတ်ပေးသော အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ လူအိုရုံတွင် နေထိုင်စဉ်မိမိပိုင်ဆိုင်ပါသည်။ မနေကမပိုင်ဆိုင်ပါ။ ပျက်စီးပျောက်ဆုံးခြင်းမရှိအောင် ထိန်းသိမ်းရပါမည်။

(၈) နေထိုင်မကောင်းသော ဘိုး/ဘွားများအား မိမိတို့ကြိုက်နှစ်သက်ရာ (အင်္ဂလိပ်/မြန်မာ)ဆေးဝါးများဖြင့် ကုသပေးပါမည်။

(၉) **အဘိုးများသည် အဘွားများအဆောင်သို့ငှင်း၊ အဘွားများသည် အဘိုးများအဆောင်သို့ငှင်း၊ ဖြတ်သန်းသွားလာခွင့်မပြုပါ။**

(၁၀) မိမိတို့နေထိုင်ရသော အဖြစ်သနစ်နှင့် အခက်အခဲကို ဂေဟာမှူးထံသို့ ကိုယ်တိုင်တွေ့ဆုံတင်ပြနိုင်သည်။

(၁၁) စည်းကမ်းဖောက်ဖျက်သော ဘိုး/ဘွားများအား လူအိုရုံတွင် ဆက်လက်နေထိုင်ခွင့် မရတော့ပါ။

(၁၂) အကြောင်းအမျိုးမျိုးကြောင့် လူအိုရုံမှ ထွက်သွားသူများအား ဒုတိယအကြိမ် ပြန်လည်လက်ခံခြင်း မပြုပါ။

ဘိုး/ဘွားဦးရေနှင့် ဝန်ထမ်းအင်အား

မင်းကွန်းလူအိုရုံတွင် ဘိုး/ဘွားပေါင်း(၁၂၅)ဦးအထိသာ ခိုလှုံနေထိုင်ခွင့်ပြုရန် လျာထားသတ်မှတ်ထားပါသည်။

ယနေ့လက်ရှိ ဘိုး/ဘွားဦးရေမှာ အဘိုး(၂၈)ဦး၊ အဘွား(၄၉)ဦး၊ စုစုပေါင်း (၇၇)ဦးဖြစ်ပါသည်။

လူအိုရုံတွင် စောင့်ရှောက်လာခဲ့သော ဘိုး/ဘွားများအနက် အသက်အကြီးဆုံးမှာ မှတ်တမ်းအရဖွားဦးဇွန်း လက်ထက်တွင် ဝါးခယ်မမြို့အပိုင်၊ စပါးရိုးရွာမှ လာရောက်မှီတင်းနေထိုင်သူ အသက်(၁၃၉) နှစ်ရှိ ဘိုးစံရာနှင့် ဘိ၊ အိုင် ၊ အေ ဦးမောင်ကြီး လက်ထက်တွင် ကံကြီးတောင်ရွာမှ အသက်(၁၁၃)နှစ်ရှိ ဘိုးရဲ တို့ဖြစ်ကြပါသည်။

ဘိုး/ဘွားများအား ကျွေးမွေးစောင့်ရှောက်လျက်ရှိသော ဝန်ထမ်းအင်အားမှာ မန္တလေးရုံး( )ဦး၊ မင်းကွန်းဖက်ဌာနကျား ( )ဦး၊ မ( )ဦး၊ **ရေယာဉ်ဝန်ထမ်း( )ဦး၊ စုစုပေါင်း** ကျား( )ဦး၊ မ( )**ဦးဖြစ်**ပါသည်။

ကျွေးမွေးမှုအစီအစဉ်

ဘိုး/ဘွားများအား နံနက်(၆)နာရီတွင် ဆန်ပြုတ်(သို့) ပဲထမင်းတိုက်ကျွေးခြင်း အပါအဝင် နံနက်(၁၀း၃၀)နာရီတွင် နံနက်စာထမင်းဟင်းလျာ၊ ညနေ(၅)နာရီတွင် ညနေထမင်းဟင်းလျာ များ ကျွေးမွေးခြင်းအပြင် ဥပုသ်နေ့များတွင် အထူးအစီအစဉ်အဖြစ် နေ့လည်စာများလည်း စီမံကျွေးမွေးပေးပါသည်။

တစ်နေ့စာနှုန်းထားနှင့် အလှူတော်အစီအစဉ်များ

ဘိုး/ဘွားများအား တစ်နေ့စာ ကျွေးမွေးလိုပါက (အထူး ကျွေး)အသားဆီပြန်ဟင်းနှစ်ခွက် အရံဟင်းနှင့်( )၊ (ပုံမှန်ကျွေး) အသားဆီပြန် ဟင်းတစ်ခွက်/အရံဟင်းနှင့်( )နှစ်သက်ရာ ကျွေး မွေးလှူဒါန်းနိုင်ပြီး၊ နေ့လည်စာများလည်း ကျွေးမွေးလိုပါက စီမံပေး ပါသည်။ ထို့အပြင် ဘိုး/ဘွားများအား ကိုယ်တိုင်ချက်ပြုတ် ကျွေးမွေးလိုပါကလည်း စီစဉ်ဆောင်ရွက်ပေးပါသည်။

ဘိုး/ဘွားများအား တစ်နေ့စာ ကျွေးမွေးလှူဒါန်းကြသော အလှူရှင်များအတွက် သံဃာတော်များ နေ့ဆွမ်းဆက်ကပ်မှု ဧည့်သည် များအား နံနက်စာကျွေးမွေးမှုနှင့် ရေယာဉ်ဖြင့်အသွား/အပြန် ပို့ဆောင်ပေးမှုကိစ္စများကိုလည်း သင့်တင့်သော နှုန်းထားများဖြင့် စီစဉ်ဆောင်ရွက်ပေးလျှက်ရှိပါသည်။

စားနပ်ရိက္ခာအတွက် အလှူတော်ငွေအပြင် ငွေပဒေသာပင် အလှူတော်ငွေ၊ နဝကမ္မအလှူတော်ငွေ၊ ရေ၊ မီး၊ ဆေးဝါး အဝတ် အထည်၊ သင်္ဂြိုဟ်စရိတ်၊ ပရိဘောဂ၊ အဆောက်အဦး မွမ်းမံရန်

အလှူတော်ငွေများနှင့် လစဉ်၊ နှစ်စဉ်ကြေး အလှူတော်ငွေများလည်း နည်းများမဆို နှစ်သက်သလို လှူဒါန်းနိုင်ကြပါသည်။

ဝတ်ဆင်ရေး

မင်းကွန်းလူအိုရုံတွင် မှီတင်းခိုလှုံနေထိုင်ရန် အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် စတင်ရောက်ရှိလာသော ဘိုး/ဘွားများအား လိုအပ်သော ကုတင်၊ ဘီရို၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ အိပ်ယာခင်းနှင့် အဝတ်အထည်များ ချက်ခြင်းထုတ်ပေးပါသည်။ ထို့အပြင် အထူးအစီအစဉ်အဖြစ် တန်ခူးလနှစ်သစ်ကူးအခါသမယတွင် နွေရာသီဝတ်စုံနှင့် သီတင်းကျွတ်လအခါသမယတွင် ဆောင်းရာသီဝတ်စုံ တစ်နှစ်လျှင်(၂) ကြိမ် ဝယ်ယူချုပ်လုပ်ချီးမြှင့်ပေးခဲ့ကြပါသည်။

အလှူရှင်အသီးသီးမှစောင်၊ အင်္ကျီ၊ လုံချည်များ ကိုယ်တိုင်လက်ရောက်လှူဒါန်းခြင်းများလည်း ရှိကြပါသည်။

အထူးသဖြင့် ဘိုး/ဘွားများသည် မိမိတို့၏ အသုံးအဆောင်ပစ္စည်းများဖြစ်ကြသော ခြင်ထောင်၊ စောင်ကအစအဝတ်အထည်များကို ကိုယ်တိုင်လျှော်ဖွတ်ရန်မလိုဘဲ၊ သန့်ရှင်းရေးဝန်ထမ်းက နေ့စဉ်နံနက်တိုင်း အဆောင်များသို့ လှည့်လည်၍ကောက်ယူပြီး လျှော်ဖွတ်ပေးပါသည်။

အဆောက်အဦးများ

မင်းကွန်းလူအိုရုံအတွင်းသို့ လာရောက်လေ့လာမည်ဆိုလျှင် အဘွား(၃၂)ဦးစီ နေထိုင်နိုင်သော (၆၈ပေ×၃၈ပေ)ရှိ အုတ်နံကပ်တစ်ထပ်(**ဖွားသုမာလာအဆောင်** ၊ **ဖွားဦးငွန်းအဆောင်**၊ ဘီ ၊ အိုင်၊အေ

ဦးမောင်ကြီးအဆောင်)၊ အဆောင်ကြီး(၃)ဆောင်၊ အဘိုး(၂၈)ဦးနေထိုင်နိုင်သော (၁၅)ခန်း၊ အုတ်နံကပ်တစ်ထပ်(ဘိုးအေးမောင်အဆောင်)(၁)ဆောင်၊ စုစုပေါင်း အဆောင်ကြီး(၄)ဆောင်နှင့် (၆)ခန်းတိုက် (၁)၊ (၅)ခန်းတိုက်(၂)၊ (၄)ခန်းတိုက် (၃)၊ (၃)ခန်းတိုက် (၁)၊ (၂)ခန်းတိုက် (၂၂)၊ (၁)ခန်းတိုက် (၆)လုံး ဆောက်လုပ်ထားရှိသည်ကို တွေ့ရပေမည်။

ထို့အပြင် ဘိုး/ဘွားများတစ်နေ့လျှင်(၂)ကြိမ်၊ ဝတ်တက်ဝတ်ကပ်ပြုလုပ်သော ဓမ္မာရုံကြီး(၂)လုံး၊ ဂန္ဓကုဋိတိုက် (၁)လုံး၊ မကျန်းမမာဖြစ်ပါက သက်တောင့်သက်သာ ပြုစုကုသပေးနိုင်သော ဆေးကုသဆောင်ကြီးနှင့် ဆေးပေးခန်း၊ ကျွေးမွေးမှုနေ့စဉ်ပြုပေးသောစားသောက်ဆောင်ကြီး၊ စားဖိုဆောင်၊ စတိုးဆောင်၊ ဧည့်ခံတိုက်ကြီး၊ ဘိုး/ဘွားများနှင့် ဧည့်သည်တော်များ နားနေနိုင်သော လူအိုရုံအဝင်ကွန်ကရစ်စောင်းတန်းကြီးနှင့် အုတ်ထိုင်ခုံများ၊ ရုံးခန်း၊ စာဖတ်ခန်း၊ ရေ/မီး စက်ရုံ၊ ရေကန်ကြီး/ငယ်များ၊ ဖွားဦးငွန်းနှင့် ဘီ၊ အိုင်၊ အေဦးမောင်ကြီးတို့အား ဂုဏ်ပြုတည်ဆောက်ထားသော ကျေးရုပ်ထုကြီးများကိုလည်း အစီအရီတည်ရှိသည်ကို တွေ့ရမည် ဖြစ်ပေသည်။

မန္တလေးမြို့တွင်လည်း ဖွားဦးငွန်း လှူဒါန်းထားသော မြေနှင့်အဆောက်အဦများ အပါအဝင် မြေနှင့် အဆောက်အဦများ တည်ရှိပြီး၊ အဆောက်အဦအချို့တွင် နေထိုင်သူများထံမှ လစဉ်အလှူတော်ငွေရရှိသလို၊ မြေကွက်များကိုလည်း အဆောက်အဦကြီးများဆောက်လုပ်၍ လူအိုရုံကြီးရေရှည်အကျိုးအတွက် ဆောင်ရွက်လျှက်ရှိပါသည်။

စိတ်ပျော်ရွှင် ချမ်းမြေ့ရေးနှင့် ဖျော်ဖြေရေးအစီအစဉ်

အမှုဆောင်အဖွဲ့မှ ဘိုး/ဘွားများအား ခန္ဓာကိုယ်ကျန်းမာရေးကိုသာမက၊ စိတ်ပိုင်းဆိုင်ရာပါ ကျန်းမာပျော်ရွှင်ရေးအတွက် ရာသီသဘင်ပွဲတော်များကျင်းပ ပြုလုပ်ပေးခဲ့ကြပါသည်။

တန်ခူးလတွင် နှစ်သစ်ကူးသင်္ကြန်ပွဲတော်အဖြစ် သင်္ကြန်ရက်အတွင်း ဘိုး/ဘွားများအား ခေါင်းလျှော်/ရေချိုးပေးခြင်း၊ လူအိုရုံအတွင်း သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဥပုသ်သီတင်းစောင့်စေခြင်း၊ စားကောင်းသောက်ဖွယ်များ တစ်နေ့တစ်မျိုးကျွေးမွေးခြင်း၊ မင်းကွန်းလူအိုရုံသို့အလည်အပါတ် ကြွရောက်လာသူများအား မုံ့လက်ဆောင်းစတုဒိတာကျွေးမွေးခြင်း၊ နှစ်ဆန်းတစ်ရက်နေ့တွင် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ခြင်းနှင့် ဘိုး/ဘွားများအား နှစ်သစ်ကူးဝတ်စုံများ ဝေငှချီးမြှင့်ပေးခြင်း။

ကဆုန်လ-ကဆုန်လပြည့်နေ့တွင် တိပိဋကဓရ ဆရာတော်ဘုရားကြီး သီတင်းသုံးနေထိုင်တော်မူခဲ့သော ဓမ္မနာဒကျောင်းတိုက်ရှိ ဗောဓိညောင်ပင်သို့ ညောင်ရေသွန်းလောင်းပူဇော်ခြင်း၊ ကဆုန်လပြည့်ကျော်(၈)ရက်နေ့တွင်၊ ဖွားဦးဇွန်းတည်ထားကိုးကွယ်ခဲ့သော ပြည်လုံးဇေစေတီဘုရားပွဲကျင်းပပြုလုပ်၍ စာရေးတန်ဆွမ်းတော်ကြီးများ လောင်းလှူပူဇော်ခြင်း။

နယုန်လ-နယုန်လပြည့် (မဟာသမယ)နေ့တွင် ဘိုး/ဘွားများအား မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီ များသို့ ဘုရားဖူး ပို့ဆောင်ပေးခြင်းနှင့် လမ်းခရီးတစ်လျှောက်ရှိ လုပ်သားပြည်သူအပေါင်းတို့ထံမှ အလှူခံခြင်း။

ဝါဆိုလ-ဝါဆိုလပြည့်ကျော်(၁)ရက်နေ့တွင် မင်းဝံတောင်ရှိ၌ သီတင်းသုံး နေထိုင်တော်မူကြသော သံဃာတော်မထေရ်သူမြတ်တို့အား ဝါဆိုသင်္ကန်း/ဝါဆိုပန်းများ ဆက်ကပ်လှူဒါန်းခြင်း။

သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်များ ကျင်းပခြင်း၊ ဝါအဝင်ကန်တော့ခြင်းမပြုရသေးသော သံဃာတော် မထေရ်သူမြတ်တို့အား ဝါကျွတ်ကန်တော့ပွဲဆင်နွှဲခြင်း၊ အမှုဆောင်/ဘိုးဘွား/ဝန်ထမ်းများ၏ ဝန်ချတောင်းပန်ပွဲ(ပဝါရဏာပွဲ)ကျင်းပခြင်းနှင့် ဘိုး/ဘွားများအား ဒုတိယအကြိမ်အဖြစ် ဝတ်စုံများ ဝေငှချီးမြှင့်ပေးခြင်း။

တန်ဆောင်မုန်းလတွင် - အမှုဆောင်/ဘိုးဘွား/ဝန်ထမ်းများ၏ စုပေါင်းဘုံကထိန်ပွဲတော် ကျင်းပခြင်း။

နတ်တော်လတွင် - စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် အတီးအမှုတ်၊ အကအခုန်၊ စာပေဝါသနာပါကြသော ဘိုးဘွားများအား ရွေးချယ်၍ သီဆိုတီးမှုတ်ကခုန်ဟောပြောစေခြင်းဖြင့် ဘိုးဘွားများ စာဆိုပွဲကျင်းပခြင်း။

တပို့တွဲလ - တပို့တွဲလပြည့်နေ့တွင် ထမနဲထိုးပွဲတော်ကျင်းပပြုလုပ်၍ သံဃာတော် မထေရ်သူမြတ်တို့အား ဘိုး/ဘွားများကိုယ်တိုင် ထမနဲဆွမ်းလောင်းလှူခြင်း ရာသီပွဲများ စီမံဆောင်ရွက်ပေးခဲ့ကြပါသည်။

အထူးသဖြင့် ဘိုး/ဘွားများ နေ့စဉ်ပုံမှန်ဆောင်ရွက်ရသော လုပ်ငန်းမှာ နံနက် (၆)နာရီတစ်ကြိမ်၊ နေ့လည် (၂)နာရီတစ်ကြိမ်၊ ဝတ်တက်၊ ဝတ်ကပ်ပြုလုပ်ရခြင်း၊ အခါအားလျော်စွာ လူအိုရုံပိုင်

အသံချဲ့စက်/ကတ်ဆက်တို့ဖြင့် တရားတိတ်ခွေများ ဖွင့်လှစ်၍ တရားဘာဝနာများ ပွားများစေခြင်း။

ဖျော်ဖြေရေးအစီအစဉ်အဖြစ် လူဗိုရ်ုပိုင် ရုပ်မြင်သံကြားစက်/ ဗီဒီယိုစက်များဖြင့် ရုပ်မြင်သံကြား အစီအစဉ်များ ဖွင့်လှစ်ပြသခြင်း၊ ဘိုး/ဘွားများနှင့် သင့်လျော်သောဗီဒီယိုခွေများ ဖွင့်လှစ်ပြသပေးခြင်းများ ဆောင်ရွက်ပေးပါသည်။

စာပေဝါသနာပါသော ဘိုး/ဘွားများအတွက်လည်း စာအုပ်စာတမ်းများ ဝယ်ယူ/အလှူခံထားရှိပြီးငှားရမ်းကြည့်ရှုနိုင်ရန် စီမံထားပါသည်။

ကျန်းမာရေးဆောင်ရွက်ချက်

ဘိုး/ဘွားများ ကျန်းမာရေးအတွက် နံနက်ပိုင်းတွင် ကိုယ်လက်လှုပ်ရှားမှုအဖြစ် မိမိတို့ အဆောင်ပါတ်ဝန်းကျင် သန့်ရှင်းရေးများဆောင်ရွက်ရပါသည်။ မကျန်းမမာ ဖြစ်သူများကိုလည်း မင်းကွန်းတိုက်နယ်ဆေးရုံ၊ တိုက်နယ်ဆရာဝန်ကြီး(အမှုဆောင်အဖွဲ့ဝင်)က တစ်ပါတ်လျှင် တစ်ကြိမ်(သို့)အလျင်းသင့်သလို ကြွရောက်စစ်ဆေးကုသပေးပြီး လိုအပ်သည်များကို ဆက်လက် ဆောင်ရွက်ရန် ခန့်ထားသော သူနာပြုဆရာမသို့ ညွှန်ကြားပေးသွားပါသည်။

လိုအပ်၍ မင်းကွန်းဆေးရုံနှင့် မန္တလေးဆေးရုံတို့သို့ တက်ရောက်ကုသရန် ညွှန်ကြားခဲ့လျှင်လည်း တာဝန်ယူ၍ တင်ပို့ကုသပေးခဲ့ပါသည်။ ဆေးဝါးပစ္စည်းများနှင့် ပါတ်သက်၍ဆရာဝန်ကြီး၏ ထောက်ခံချက်ဖြင့် တင်ပြမှာကြားသော ဆေးဝါးပစ္စည်းများကို လစဉ် ဝယ်ယူ ဖြည့်တင်းပေးခဲ့ပါသည်။

တိုင်းရင်းဆေးဝါးများဖြင့် ကုသခံယူလိုသော ဘိုး/ဘွားများကိုလည်း တိုင်းရင်းဆေးဝါးများဖြင့် ကုသပေးခဲ့ကြပါသည်။

အထူးသဖြင့် ဘိုး/ဘွားများသည် လူအိုရုံသို့ မရောက်မီ အချိန်အတွင်း ဆင်းရဲပင်ပန်းကြီးစွာ ရှာဖွေလုပ်ကိုင် စားသောက်ရခြင်း၊ အိုခြင်းတည်းဟူသော ဇရာ၏ ဖိနှိပ်မှုကို ခံစားနေရခြင်းနှင့် သား/သမီးရှိသူများကလည်း သား/သမီး ဆွေမျိုးများ၏ ပစ်ပယ်မှုကို ခံစားရခြင်းတို့ကြောင့် လူအိုရုံသို့ ရောက်ရှိချိန်တွင် စိတ်ထောင်းကိုယ်ကျေဖြစ်နေကြပြီး ရုပ်ပိုင်ဆိုင်ရာပါ ချို့ယွင်းနေကြပြီ ဖြစ်ပါသည်။

တချို့ဆိုလျှင် လူအိုရုံသို့ လာရောက်မှီတင်းခိုလှုံနေထိုင်လိုသော်လည်း မည်သို့ဆက်သွယ်ရမှန်းမသိကြသဖြင့် ပင်ပန်းကြီးစွာ လုပ်ကိုင် စားသောက်ရခြင်း၊ ရပ်ရွာကပေးသမျှ ကျွေးသမျှနှင့် ရောင့်ရဲတင်းတိမ်ရခြင်းတို့ကြောင့် ကျန်းမာရေးချို့ယွင်းနေကြပြီး ထိုအချိန်ကျမှ ပါရှိလာသော ရောဂါဝေဒနာများမှာ ကျွမ်းနေပြီဖြစ်သဖြင့် မည်သို့ပင် ကုစားစေကာမူကြာရှည်စွာနေထိုင်ခွင့်မရရှာတော့ဘဲ၊ အမှည့်လွန် သစ်သီးများသဖွယ် တချို့ရက်ပိုင်းအတွင်း တချို့လအတွင်းမှာပင် ကွယ်လွန်အနိစ္စရောက်ရှိသွားကြပါသည်။

ကွယ်လွန်အနိစ္စရောက်ရှိသူ ဘိုး/ဘွားများကိုလည်း အမှုဆောင်အဖွဲ့မှ မြန်မာ့ရိုးရာ ထုံးတမ်းစဉ်လာနှင့်အညီ ကောင်းမွန်စွာ သဂြိုဟ်ပေးခဲ့ကြပါသည်။

ဘဏ္ဍာရေး

ငွေကြေးလှည့်ပါတ်သုံးစွဲမှုနှင့်ပါတ်သက်၍၊ အမှုဆောင်အဖွဲ့မှ သတ်မှတ်ဆုံးဖြတ်ထားသော "ဘဏ္ဍာရေး အာဏာ"စည်းမျဉ်း စည်းကမ်းများအတိုင်း သုံးစွဲလျှက်ရှိပြီး၊ ပိုလျှံသောငွေများကို မန္တလေးမြို့

မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)တွင် ငွေစုဘဏ်စာရင်း များဖွင့်လှစ်အပ်နှံထားရှိပါသည်။ ထို့အပြင် (၁၂)နှစ်ပြည့် ငွေစုလက်မှတ်များကိုလည်း ဝယ်ယူစုဆောင်းနိုင်ခဲ့ကြပါသည်။ ရန်ပုံငွေအဖြစ် တစ်စည်းတစ်လုံးတည်း စုပေါင်းရန်ပုံငွေသာ ထားရှိ၍နှစ်စဉ်(ဘတ်ဂျက်)စာရင်းများ ရေးဆွဲလျာထားသုံးစွဲခဲ့ကြပါသည်။

၁၉၉၀ ပြည့်နှစ် (၇၅)နှစ်မြောက် စိန်ရတုပွဲတော် အထိမ်းအမှတ်ကာလအတွင်း အထူးထုတ်ပြက္ခဒိန်ထုတ်ဝေခြင်း၊ စာအုပ်၊ သီချင်းတိတ်ခွေ၊ လွယ်အိတ်၊ ရင်ထိုး၊ သော့ချိတ်များ ပြုလုပ်ရောင်းချခြင်းဖြင့် ရန်ပုံငွေရှာဖွေခဲ့ကြပါသည်။

ပုံမှန်ဝင်ငွေများအဖြစ် မန္တလေးမြို့ပေါ်ရှိ အလှူရှင်များ ထံမှလစဉ်/နှစ်စဉ်ကြေး အလှူငွေများ ကောက်ခံရရှိခြင်း၊ လူ့အိုးရုံပိုင်အဆောက်အဦများပေါ်တွင် နေထိုင်ကြသူများထံမှ လစဉ်အလှူတော်ငွေများရရှိခြင်း၊အထူးသဖြင့် မင်းကွန်း လူအိုရုံသည် အခြားသောဂေဟာအဖွဲ့အစည်းများနှင့်မတူ တမူထူးခြားနေသည်မှာ သယ်ယူပို့ဆောင်ရေးအတွက်ရေယာဉ်သည် မရှိမဖြစ်အလိုအပ်ဆုံးသောပစ္စည်းဖြစ်နေပါသည်။ အလှူရှင်များ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ခရီးသည်(၅၀)ဦးတင်ဆောင်နိုင်သော “ရာပြည့်မင်္ဂလာ” ရေယာဉ်နှင့် ခရီးသည် (၁၅၀)ဦး တင်ဆောင်နိုင်သော “စိန်ရတုမင်္ဂလာ” ရေယာဉ်(၂)စင်း တည်ဆောက်ပိုင်ဆိုင်ထားရှိပြီး အလှူရှင်များအတွက် အသင့်အတင့်သော ဆီဘိုးအလှူတော်ငွေနှုန်းထားများ သတ်မှတ်လျက် ပို့ဆောင်ပေးခြင်း၊ ရေယာဉ်ငှားရမ်းခြင်း၊ ဘုရားဖူးခရီးသည်များထံမှ ရေယာဉ်ခများ ကောက်ခံခြင်းဖြင့် ရေယာဉ်လုပ်ငန်းမှလည်း ဝင်ငွေရရှိခဲ့ကြပါသည်။

ထို့အပြင် နှစ်စဉ်ပြက္ခဒိန်များ ရိုက်နှိပ်ထုတ်ဝေခြင်း၊ နယုန်လပြည်နေ့ (မဟာသမယ)တွင် မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရား၊ ပုထိုးစေတီများသို့ ဘုရားဖူးပို့ဆောင်ရာ၌ လမ်းခရီးတစ်လျှောက်ရှိ လုပ်သားပြည်သူအပေါင်းမှ အလှူတော်ငွေများ၊ ဆန်၊ ဆီ၊ ဆား၊ ဆေးဝါး၊ အဝတ်အထည်နှင့် စားသောက်ကုန်အမျိုးမျိုး၊ ဖျော်ရည်စသည်များ လှူဒါန်းကြခြင်းဖြင့် ရန်ပုံငွေရရှိခဲ့ကြပါသည်။

လူအိုရုံအတွင်း ခေါင်းစဉ်အမျိုးမျိုးဖြင့် ထားရှိသော အလှူခံမှန်သေတ္တာများမှလည်း ဝင်ငွေရရှိခဲ့ကြပါသည်။

နိုင်ငံတော် အစိုးရ၏ အထောက်အပံ့

ဘိုး/ဘွားများအတွက်နိုင်ငံတော်အစိုးရ၊ လူမှုဝန်ထမ်းဦးစီးဌာနမှလည်း တဖက်တစ်လမ်းမှ စားစရိတ်၊ အဝတ်အထည်၊ စရိတ်နှင့် စားနပ်ရိက္ခာဆန်များကို နှစ်စဉ်လှူဒါန်းထောက်ပံ့ပေးခဲ့ပါသည်။ ဘိုး/ဘွားတစ်ဦးလျှင် စားစရိတ်အဖြစ် တစ်လ(၆၀/-)နှုန်း၊ အဝတ်စရိတ်ဖြင့် တစ်နှစ် (၇၅/-)နှုန်းဖြင့် တစ်နှစ်အတွက်ငွေသား ထောက်ပံ့ချီးမြှင့်ခဲ့ပြီး စားနပ်ရိက္ခာဆန်များကိုမူ ဘိုးဘွားတစ်ဦးလျှင် တစ်နှစ် (၈၆၅/၆ဝါး)နှုန်းနှင့်ညီမျှသောဆန်များ ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

အထက်ပါ နှုန်းထားများသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရ၏ညွှန်ကြားမှုအရ (၁၉၉၁/၉၂)ခုဘဏ္ဍာရေးနှစ်မှစတင်၍ တိုးတက်ချီးမြှင့်ပေးအပ်ခဲ့သော နှုန်းထားများဖြစ်ပါသည်။

ဘိုးဘွားရိပ်သာ အမည်သို့ပြောင်းခြင်း

မင်းကွန်းလူအိုရုံကို ဖွားဦးဌန်းစတင်တည်ထောင်စဉ်က ဗုဒ္ဓဘာသာလူအိုရုံဟူ၍ အမည်နာမတပ်ဆင်သုံးစွဲခဲ့သော်လည်း ယခုအခါတွင် "လူအိုရုံ" မှ "ဘိုးဘွားရိပ်သာ"ဟူ၍ ပြောင်းလဲသုံးစွဲနေကြပြီဖြစ်သဖြင့် မင်းကွန်းဗုဒ္ဓဘာသာလူအိုရုံကိုလည်း ဘိုးဘွားရိပ်သာဟူ၍ ပြောင်းလဲသုံးစွဲသင့်ပြီဖြစ်ကြောင်း အကြံပြုကြသဖြင့် ပြောင်းလဲသုံးစွဲနိုင်ရန်အတွက် အထက်အဖွဲ့အစည်းများသို့ အစီရင်ခံတင်ပြခဲ့ရာ ခွင့်ပြုချက်ရရှိခဲ့သဖြင့် (၄-၂-၉၈) နေ့မှစတင်၍ "မင်းကွန်းဗုဒ္ဓဘာသာလူအိုရုံ" အမည်မှ "မင်းကွန်းဗုဒ္ဓဘာသာဘိုးဘွားရိပ်သာ" အမည်သို့ ပြောင်းလဲသုံးစွဲခဲ့ပါသည်။

နိဂုံး

မင်းကွန်းဘိုးဘွားရိပ်သာကို (၁၉၁၅)ခုနှစ်တွင် စတင်တည်ထောင်လာခဲ့ရာ (၁၉၉၀)ပြည့်နှစ်တွင် သက်တမ်း (၇၅) နှစ်ပြည့်မြောက်ခဲ့သည့်အတွက် စိန်ရတုမင်္ဂလာပွဲတော်ကြီးကိုလည်း လစဉ်တစ်နှစ်ပတ်လုံး ပျော်ပွဲရွှင်ပွဲများ၊ ကုသိုလ်တော်ပွဲတော်များ ကျင်းပပြုလုပ်ခြင်းဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြပါသည်။

သက်တမ်းအားဖြင့် (၇၅)နှစ်ကျော်လွန်ခဲ့ပြီဖြစ်သော မင်းကွန်းဗုဒ္ဓဘာသာဘိုးဘွားရိပ်သာဆက်လက်၍ အရှည်တည်တံ့ခိုင်မြဲရေးမှာ နိုင်ငံတော်အစိုးရ၏ တစ်ဖက်တစ်လမ်းမှ မေတ္တာစေတနာဖြင့် ထောက်ပံ့ကူညီအားပေးမှု၊ အုပ်ချုပ်ရေးအဖွဲ့

ပုဂ္ဂိုလ်ကြီးများမှ ဝီရိယပညာဉာဏအမျှော်အမြင်ကြီးမားမှု၊အသိ ပညာရှင်၊ အတတ်ပညာရှင်များမှ မိမိတို့ဆိုင်ရာကဏ္ဍများတွင် ပိတ်ပါဝင်စား စေတနာထား၍ အားပေးကူညီမှု၊ ကုသိုလ်ရှင် စေတနာရှင်ပြည်သူအပေါင်းတို့မှ သက်ကြီးရွယ်အိုမှီခိုရာမရ အတိဒုက္ခရောက်ရှိနေကြသူတို့ မှီခိုအားထားရာ မင်းကွန်းဘိုးဘွား ရိပ်သာအပေါ် ထားရှိသောစေတနာ၊မေတ္တာ၊သဒ္ဓါတရားကြီးမား ထက်သန်မှုတို့အပေါ်တွင် တည်လျှက်ရှိပါသည်။

အချုပ်အားဖြင့် မင်းကွန်းဘိုးဘွားရိပ်သာကို အုပ်ချုပ် စောင့်ရှောက်ပေးနေကြသော အဖွဲ့ဝင်ပုဂ္ဂိုလ်ကြီးများမှ အထက် အဖွဲ့အစည်းများဖြစ်ကြသော မန္တလေးတိုင်း အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မန္တလေးတိုင်း လူမှုဝန်ထမ်းဦးစီးဌာန နှင့်မန္တလေး ချမ်းအေးသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏လမ်းညွှန်မှုနှင့်အညီ တသွေမတိမ်း လိုက်နာဆောင်ရွက်လျှက်ရှိကြပါကြောင်း။

ဆုတောင်း

"လူအိုတို့အား ၊ ချမ်းသာပွားမှု၊ ထောက်ပံ့ပြုကာ၊
အာယုသက်တမ်း၊ ရှည်မြဲလမ်းတည်း"
"သက်ရွယ်အိုခါ ၊ ကိုယ်စိတ်နှစ်ဖြာ၊ ကျန်းမာချမ်းသာ"

ကြပါစေ။

ဆောင်ပုဒ်

ကိုယ်ကြိုးမဖက်၊ ဘိုးဘွားတွက်၊ ဆောင်ရွက်စီမံမည်။

နှစ်တစ်ရာသို့တိုင်

ရေး - သခင်လှမောင်　　　　　　　ဆို - ထိပ်တင်ဆန်း

(ခေတ်အဆက်ဆက် × ပြောင်းလဲခဲ့ပြီ × အသစ်စက်စက် × မပြောင်းလဲဘဲလျှက်တည် × မင်းကွန်းဗုဒ္ဓဘာသာလူအိုရုံကြီး × တည်ပြီးသည်မှ × ယနေ့တိုင်အောင် × ကြံခိုင်တောင့်တင်းခဲ့သည်မှီခိုသူ × ဘိုးဘွားများတွေ × အကျိုးပွားများစေ × အရာရာစီစဉ်ခဲ့ပေသည် ××)၂

(ဖွားဦးဇွန်းက × မူလအစတည် × ဘီ-အိုင်-ဇအေဦးမောင်ကြီးသည် × လက်ဆင့်ကမ်းတာဝန်ယူ × အောင်တံခွန်ထူနိုင်ခဲ့ပြန်ပြီ ××)၂

(လူအိုရုံကြီး × တည်မြဲရေးသည် × စေတနာရှင် × ပြည်သူလူထုတွေ×ကူညီမှုအပေါ် အမြဲတစေ × မှီခိုကာသာ တည် ×)

(အမှုဆောင်အဆက်ဆက် × ခံယူခဲ့ပါသည် × × × × တတ်စွမ်းကြသမျှ × ဖေးမကူညီ မေတ္တာမိုးဖြိုး × ချစ်သဒ္ဒါတိုးခိုင် × နှစ်တစ်ရာသို့တိုင် × လှမ်းတက်ကြစို့ × တူစုံညီညီ × ×)၂

မင်းကွန်းအကြောင်း သိကောင်းစရာ

မင်းကွန်းတွင် ရောက်သင့်ရောက်ထိုက်သော ချောင်များ၊ ကျောင်းများ (၂၈)ကျောင်းခန့်ရှိသည်။ ၎င်းတို့မှာ -

၁။	ရေဦး	၂။	တိပိဋကနိကာယ
၃။	ဝေယံဘုံမြင့်	၄။	ရတနာဘုံမြင့်
၅။	ရွှေဘိုချောင်	၆။	သီရိဓဇ
၇။	အလယ်တောရ	၈။	ဓမ္မနာဒ
၉။	အုပ်ချုပ်	၁၀။	တောင်ပေါ်ကြီး
၁၁။	မင်းသမီး	၁၂။	ရန်ကင်း
၁၃။	အရိယာမဂ္ဂင်	၁၄။	မနောမယ
၁၅။	ရှားပင်	၁၆။	ငွေတောင်
၁၇။	ရတနာရွှေဂူ	၁၈။	အဘယရွှေကူ
၁၉။	ဓမ္မစကြာ	၂၀။	ဉာဏဂဝေသီ
၂၁။	လက်ဝဲ	၂၂။	ပေဒိဝိုင်း
၂၃။	ကင်းတောရ	၂၄။	ရတနာဂူ
၂၅။	နံ့သာချောင်	၂၆။	မြတောင်
၂၇။	ဥဒုမ္ဗရ	၂၈။	ရွှေညောင်ပင်

တို့ဖြစ်သည်။

ကျမ်းတတ် အကျော်အမော် ဆရာတော်ကြီးများ သီတင်းသုံးနေထိုင်ကြဘူးသည်။

မင်းကွန်းပုထိုးတော်ကြီး

ဘုရားဒါယကာ အမရပူရနန်းစံ (ဗဒုံမင်း)ဖြစ်သည်။ ကုန်းဘောင်ခေတ် မဟာရာဇဝင်ကြီးအလို (၁၁၅၂)ခု တပို့တွဲ လဆန်း (၅)ရက် တနင်္ဂနွေနေ့တွင် တည်ခဲ့သည်။

သုဝဏ္ဏဝိမာနနိဒါန်း အလိုအရ ဘုရားကြီး တည်ရာတွင် သ-သံ-ပု-က ဟူသော အက္ခရာ (၄)လုံး ရေးသားခဲ့သည်ဆို၏။ ထိုအက္ခရာ (၄)လုံးကို တံဆိပ်တော်ရဆရာကြီးများက "နတ်အပေါင်းကို အစိုးရသော ငါသိကြားမင်းသည် မြတ်စွာဘုရားအား မင်းတရားကြီး ကြည်ညိုနှစ်သက်စေခြင်းငှာ ကြေးအုတ်တို့ဖြင့် ပူဇော်ခြင်းပြုပါ၏" ဟု အနက်သမွန်ပေးကြသည်။

ဘုရားကြီး၏ စေတီတော်အချင်းမှာ ရွှေတိုက်စာရင်းမူတော် ပရပိုဒ်အရ (၂၉၃)တောင်ကျော်၊ စေတီတော်အမြင့်မှာ (၂၅၂)တောင် ကျော်ရှိသည်ဟု သိရသည်။

ဘိုးတော်ဗဒုံမင်းသည် (၁၁၇၄)ခုနှစ်တွင် ဘုရားတည်မှုကို လုံးဝရပ်စဲပြစ်ခဲ့သည်။ ကြီးလေးကြီးအပြီးမသတ် မုဆိုးသုညကပ်ဟူသော တဘောင်ကြောင့် ဆက်လက်၍ မတည်ခဲ့ခြင်းဖြစ်သည်။

ခြင်္သေ့ကြီးများ

ခြင်္သေ့ကြီးများမှာ ဘုရားကြီး၏ အရှေ့ဖက်ဆောင်းတန်း ထိပ်၌ ဧရာဝတီမြစ်ဖက်လှည့်၍ တည်ထားခဲ့သည်။ တည်ခဲ့စဉ်က အရပ် အတောင် (၆၀)ရှိသည်။ ၁၁၅၅ ခုနှစ်တွင် ပြုလုပ်ခဲ့သည်။

ခြေသည်းလက်သည်းများမှာ လုံးပတ်၄ပေခွဲ၊ အလျား ၅ပေခွဲရှိသည်။ မျက်လုံးတစ်လုံးလျှင် အဝန်း၉ပေ၊ အချင်း၃ပေရှိသည်။ စကျင်ကျောက်များဖြင့် ပြုလုပ်ထားသည်။ ခြသေ့်ကြီးများအတွက် အုတ်ချပ်ရေ (၈)သိန်းကုန်သည်။

မြောက်ဖက်ခြသေ့်ကြီးမှာ (၁၂၀၀)ခုနှစ် စကြ်ာမှာရေချ ငလျှင်တွင် ပြိုကျပျက်စီးခဲ့ပြီး၊ တောင်ဖက်ခြသေ့်ကြီးမှာ (၁၃၁၈) ခု၊ စစ်ကိုင်းငလျင်တွင်မှ ပြိုကျပျက်စီးခဲ့သည်။

ယခုအချိန်၌ ခြသေ့်ကြီးများ၏ နောက်ပိုင်းကိုသာ မြင်နိုင်တော့သည်။

ပုံတော်စေတီ

ပုံတော်စေတီကို (၁၁၅၂)ခုနှစ်နောက်ပိုင်းတွင် ဘိုးတော်ဘုရားတည်ခဲ့ဟန်တူသည်။ ဘိုးတော်သည် ဘုရား၏ စံနစ်မှုပုံတော်အတိုင်း (၁၅)ပေခန့်မြင့်သော၍ပုံတော်စေတီကို တည်ခဲ့သည်ဟုယူဆရသည်။ အဘယ်ကြောင့်ဆိုသော် မဟာဇေတိကာရာမဆရာတော်ဘုရားကြီး၏ ပုရပိုဒ်တစ်ခုတွင် မင်းကွန်းပုထိုးတော်ကြီးအပြီးမသတ်နိုင်ခြင်းမှာ ဘုရားကြီးတည်နေဆဲကာလ၌သည်ပုံတော်စေတီကို ပုံစံတည်ပြီး ဌာပနာပစ္စည်းတွေထည့်သည့် အပြင်အနေကဇာပါ ဘင်ခဲ့သည့်အကြောင်းကြောင့်ဟု ဖော်ပြ ရေးသားထားသည်ကိုတွေ့ရသည်။

ခေါင်းလောင်းကြီး

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးအရ ခေါင်းလောင်းတော်ကြီးကို သက္ကရာဇ်(၁၁၇၀)ခု၊ကဆုန်လဆန်း(၅)ရက်နေ့တွင် အလယ်ကျွန်းခေါ် နန်းတော်ကျွန်းတွင် သွန်းလုပ်ခဲ့သည်။

အဝအချင်း(၁၁)တောင် (၄)သစ်၊ လုံးပတ် (၃၃)တောင် (၁)မိုက်၊ စောက်(၁၃)တောင်၊ (၁)မိုက် (၄)သစ်၊ ကြေးချိန်ပိဿာ(၅၅၅၅၅) ရှိသည်ဟုသိရသည်။ ပန်းတဉ်းဝန်မဟာနန္ဒကျော်သူကြီးကြပ်၍ ပန်းတဉ်းအစုသားပန်းပဲအစုသားများ စုပေါင်းသွန်းလုပ်ကြသည်။

လျှော့ဒဏ်ကြောင့် ကြေးချိန် (၅)ပိဿာခန့် ပဲ့သွားသည်။ ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး ခေါင်းလောင်းအဖြစ် သတ်မှတ်ခံရသည်။

ကန်တော်ကြီး

ကန်တော်ကြီးဆိုသည်မှာ မင်းကွန်းတောင် (၆)မိုင်ခန့် ဝေးသောကြက်ထောင့်ရွာရှိ ရေကန်ကြီးဟူ၍လည်းကောင်း၊ မင်းကွန်းအနောက်ဘက်တွင်ရှိသော တဘက်ဆည်ကန်ကြီးဟူ၍ လည်းကောင်း ယူဆချက်ကွဲလွဲမှုများ ရှိသည်။

သမိုင်းသုတေသီများအလိုအရ၊ ကြက်ထောင့်ကန်ကြီးကိုသာ ကန်တော်ကြီးဟု အသိအမှတ်ပြုကြသည်။ဘိုးတော် ၏ကောင်းမှုတော်စာရင်းတွင် ကြက်ထောင့်ကန်စာရင်းကိုသာ ဖော်ပြထားသည်။ တဖက်ဆည်ကန်ကြီးမပါပေ။ ရှေးဘိုမင်းလက်ထက်တွင် ဘိုးတော်ကောင်းမှုဖြစ်သော သည်ကန်ကြီးကို လာကြည့်ဘူးသည်။

ကြက်ထောင့်ကြောင်ဝပ်၊ ဝါကျွတ်မုထ၊ ကြီးလေးကြီး၊ အပြီးမသတ်၊ မုဆိုးသုညကပ်ဟူသော တပေါင်ကလည်းရှိသည်။ သို့ဖြစ်၍ ကြက်ထောင့်ကန်ကြီးကို ကြီးလေးကြီးအပါအဝင် ကန်ကြီးဟုယူဆကြသည်။ ကြက်ထောင့်ကန်မှာ အချင်းတာ(၄၀)၊ အစောက်သံတောင်(၂၀)ရှိပြီး၊ ကျောက်အတိခင်းထားခဲ့ကြောင်း သိရသည်။ သက္ကရာဇ်(၁၁၇၉)ခုနှစ်တွင် ပြုလုပ်ခဲ့သည်။

ပါဒနက်သန် စက်တော်ရာစေတီ

ဤပါဒနက်သန်စက်တော်ရာစေတီကို (၁၁၆၆)ခု၊ တန်ခူးလပြည့်ကျော် (၁၁)ရက်နေ့တွင် စတင်တည်ထားခဲ့ကြောင်းသိရသည်။ ဘုရားဒါယကာမှာ ပုဂံမင်းဖြစ်သည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးအရ၊ ဤစက်တော်ရာကို (၁၁၅၈)ခု၊ တန်ဆောင်မုန်းလဆန်း(၂)ရက် နေ့တွင် ပြည်ကြီးမွန်ရတနာရွှေဖောင်ပေါ်တွင်တင်၍ ထီးဖြူ ကနက်ကဒဏ်ဖြန့် မိုးပြီးမင်းကွန်းဖက် ယခုဘုရားတည်ထားရာနေရာတွင် တန်ဆောင်းနှင့်ထားတော်မူကြောင်း (၁၁၇၃) နယုန် လပြည့်ကျော် (၇)ရက်နေ့တွင် ဘုရားတည်၍ ပြီးစီးကြောင်း တွေ့ရသည်။

(၁၂၁၁)ခုတွင် ယိုယွင်းဟောင်းနွမ်းသည်များကို ပြုပြင် ခဲ့သည်။ ပြုပြင်ခဲ့သော စံနစ်တော်မှာ ဘုရားကျောင်းအမြင့်(၁၆) တောင်ကျော်၊ ပန်းခုံတော်မှာ ဆပ်သွားဖူးတိုင်အမြင့်(၄၁)တောင် ကျော်ရှိသည်။

သာယာဝတီမင်း(ရွှေဘိုမင်း)လက်ထက်တွင် ငွေပြသာဒ်လှူခဲ့ဘူးသည်။ ထီးခယားသီးကစပြီး မြေသို့တိုင်အောင် ဘိုးတော်ဘုရားက တည်ပြီးစတွင် ရွှေချပူဇော်ခဲ့သေးသည်။

သာယာဝတီမင်း (ရွှေဘိုမင်း) လက်ထက် ပိသုကာလက်ရာမြောက်လှသော အုတ်ပြသာဒ်ပုံကို စိန်တောင်များ၊ နဂါး၊ ဂဠုန်၊ ဂုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗအစောင့်နတ်ရုပ်များနှင့်ပြုလုပ် တည်ဆောက် လှူဒါန်း ပူဇော်ခဲ့ခြင်းဖြစ်သည်။

မြသိန်းတန်စေတီ

စေတီယကထာအဆိုအရ မြသိန်းတန်စေတီကို စစ်ကိုင်းမင်းသားက (၁၁၆၃)ခု၊ တန်ခူးလဆန်း(၁၅)ရက်၊ ကြာသပတေးနေ့တွင် စတင်တည်ခဲ့ပြီး (၁၁၆၉)ခုနှစ်တွင် ပြီးစီးသည်ဟု သိရသည်။

မြင့်မိုရ်တောင်ထု၊ အာလိန်ငါးဆင့်၊ တောင်ရံ(၇)ထပ်၊ နတ်ဆောင်းတန်းများသွယ်၍တည်ထားသည်။ ဘိနပ်အချင်း (၂၁၄) တောင်ရှိသည်။ မီးတားတံတိုင်းမှာ လေးထောင့်မဟုတ် အဝိုင်းဖြစ်သည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီးအလိုအရ ဘွဲ့တော်မှာ ရှင်ဖြူဘုရားဖြစ်သည်။

သုဝဏ္ဏဝိမာနနိဒါန်းအလိုအရ ဆင်ဖြူဘုရားဟု စတင် ခေါ်ဝေါ်ကြောင်းသိရသည်။

နောက် ဆင်ဖြူမရှင် မိဖုရားပြင်ဆင်ဆောက်လုပ်၍ မူလရှင်ဖြူဘုရားမှ ဆင်ဖြူရှင်ဘုရားဟု ခေါ်တွင်ကြောင်း သမိုင်းတစ်စောင်တွင် တွေ့ရသည်။

သမိုင်းတစ်စောင်တွင်မူ ဘုရားတည်နေရာမှ ယခင်က ဘုရားလောင်းဆင်ဖြူဖြစ်စဉ်ကာလက ကျင်လည်ကျက်စားဘူး၍ ဆင်ဖြူတောင်ခေါ်ကြောင်း၊ ဆင်ဖြူတောင်ပေါ်တွင်တည်၍ ဆင်ဖြူဘုရားဟုခေါ်ကြောင်းတွေ့ရပြန်သည်။

ထိုဘုရားကိုပင် မြသိန်းတန်ဘုရားဟု ခေါ်ကြပြန်သည်။ အဘယ်ကြောင့်ဆိုသော် စစ်ကိုင်းမင်းသားက တစ်သိန်းတန်မြရတနာကို ပြင်ဆင်တည်ဆောက်ခဲ့သောကြောင့် ဖြစ်သည်။

၎င်းအပြင် ထိုဘုရားကိုတည်စဉ်က စစ်ကိုင်းမင်းသား၏ကြင်ယာတော်ဆင်မြူမယ် နတ်ရွာလားခဲ့သည်မှာ မကြာသေးပေ။ သို့အတွက် စစ်ကိုင်းမင်းသားသည် ဆင်ဖြူမယ်ကို လွမ်းဆွတ် တသသတိရသည့်အထိမ်းအမှတ်အဖြစ် တည်ထားခဲ့သဖြင့် ဆင်ဖြူမယ်ဟုခေါ်တွင်ကြောင်း သိရှိရသည်။

မင်းတုန်းမင်းကြီး လက်ထက်တွင် ထိုဘုရားကို ပြုပြင်ခဲ့သေးသည်။

ဗောဓိဝိုင်းစေတီ

ဘိုးတော်ဘုရားသည် ဤနေရာတွင် မဇ္ဈိမမှ ပင့်ဆောင်လာသော ဗောဓိပင်ပျိုး ၂ပင်ကို စိုက်ထားခဲ့သည်။ မူလတံတိုင်း ၂ထပ်၊ မုတ်ဝင်မုတ်ကူး အုတ်ပြသာဒ်(၇)ဆူ၊ တံတိုင်းလေးထောင့် အုတ်ပြသာဒ် ၂ဆူ၊ အရံစောင့်နတ်(၁၂၈)ရုပ်နှင့်လုပ်ဆောင်ပြီး ကမ္ပည်းရေးထိုးထားခဲ့သည်။

မင်းတုန်းမင်းလက်ထက်တွင် ထိုဗောဓိပင်၂ပင် လဲပြို သွားသည်။ ဗောဓိပင်၏အရံတံတိုင်းများလည်း ပျက်စီးပြီး ခြုံ နွယ်ပိတ်ပေါင်းများ ဖုံးအုပ်နေသည်။ သို့အတွက် မန္တလေး အနောက်ပြင် ပုလိုင်းရပ်က လွှစက်ပိုင်ရှင် ဦးရေပေါ+ဒေါ်ရွှေမှုံ မိသားစုကတာဝန်ယူကာ ခြုံနွယ် ပိတ်ပေါင်းများကို ရှင်းလင်းပေးသည်။

သို့အတွက် ချမ်းသာကြီးဆရာတော် ဘဒ္ဒန္တပဏ္ဍဝါဘိ သီရိသဒ္ဓမ္မဓဇ ကိုယ်တော်တိုင် ကြပ်မတ်ပြီး ဗောဓိပင်များနေရာ တွင် စေတီကြီးတစ်ဆူတည်ခဲ့သည်။ ဘုရားသခင်၏ ဓါတ်တော်များ၊ အရိယာ သာဝကတို့၏ဓါတ်တော်များ၊ ရုပ်ပွားတော်များ၊ ဓမ္မခန္ဓာများကို သွတ်သွင်းဌာပနာထားသည်။

အချင်း (၃၄)တောင်၊ အဝန်း (၁၀၂)တောင်၊ အမြင့် (၄၁)တောင် ရှိသည်။ ဘွဲ့တော်မှာ မဟာဗောဓိစေတီဖြစ်သည်။ ဗောဓိပင်များ စိုက်ရာဝိုင်းထဲတွင် တည်ထားသော ဘုရားဖြစ်၍ ဗောဓိဝိုင်းစေတီ ဟုလည်း ခေါ်နေကြခြင်းဖြစ်သည်။

မယ်တော်ကြီးဘုရား

အမရပူရ၊ ဒုတိယမြို့တည်နန်းတည် ရွှေဘိုမင်းတရားကြီး၏မိဖုရားခေါင်ကြီး၊ ပုဂံမင်း၏မယ်တော် သီရိပဝရတိလောက မဟာရတနာ ပဒုမဒေဝီ တည်ထားခဲ့သောစေတီဖြစ်သည်။

မန္တလေး အိမ်တော်ရာပုံအတိုင်း တည်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရွှေမြင်တင်စေတီ

ရွှေမြင်တင်စေတီကို စစ်ကိုင်းတောင်တန်းတွင် အမြင့်ဆုံးနေရာဖြစ်သည့် (၁၃၇၃)ပေမြင့်သော တောင်ထိပ်တွင်တည်ထားသော စေတီဖြစ်သည်။ ဘုရားတကာမှာ ပုဂံပြည့်ရှင်အလောင်းစည်သူဖြစ်သည်။

အင်းဝဘုရင်များဖြစ်သည့် တရဖျားနှင့်သတိုးမင်းဖျားတို့ ကိုးကွယ်သည်။ ပတ္တူသယ်ရာဇာပြင်ခဲ့သည်။

ဤဘုရားတွင် ပထမထွင့်ခေါင် ဆရာတော်ဘုရားကြီးနှင့် ရွှေအင်ပင်ဆရာတော်ကြီးများ တောရဆောက်တည်နေဘူးသည်။ အချို့က ဘုရားဘွဲ့တော်ကို "ရွှေမြင်းတင်"ဘုရားဟုခေါ်ကြသေးသည်။

မိုးမိတ်ကုန်းမြေ

မိုးမိတ်ကုန်းမြေသည် မင်းကွန်းတိပိဋကဆရာတော်နှင့် ၎င်း၏ သာသနာ့မိခင်ကြီး ဒေါ်ဓမ္မစာရီတို့၏ ကြိုးစားမှုဖြင့် ပြန်လည် ထင်ရှားလာသော ကုန်းမြေဖြစ်သည်။ ထိုကုန်းမြေတွင် စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံပေါင်း (၉၅)ခုရှိသည်။ မိုးမိတ် စေတီတော်နှင့်တိပိဋကနိကာယ ကျောင်းတိုက် များကို ပို၍အသိများ ကြသည်။

မိုးမိတ်စေတီတော်

မိုးမိတ်စေတီတော်၏ဒါယကာမှာ ဘိုးတော်ဘုရား၏ သားတော် ငယ်မည်မောင်ခန်းကျော်ဟုခေါ်သော မင်းရဲရွှေတောင်ဘွဲ့၊ မဟာမေ့ ရာဇာဘွဲ့များ အသီးသီးရရှိခဲ့သည်။ မိုးမိတ်မြို့စား၊ မိုးမိတ်မင်းသား

ကြီးဖြစ်သည်။ ဘိုးတော်ဘုရား၊ မင်းကွန်းသို့ကြွလာတိုင်း စခန်းချ စောင့်ရှောက်ရသောကုန်းမြေတွင် ဘုရားတည်ခွင့်တောင်းပြီး တည်ခဲ့သော ဘုရားဖြစ်သည်။ ဉာဏ်တော်(၇၃)တောင်ရှိ မြေပေါက်စေတီတော်ကြီး ဖြစ်သည်။

စက်တော်ရာစေတီ

စေတီတော် ဒါယကာမှာ မိုးမိတ်မင်းသားကြီး၏ကြင်ယာတော် "သီရိသုမင်္ဂလာနန္ဒာဒေဝီ" ဘွဲ့ခံ မင်းကောင်းမင်းသမီးဖြစ်သည်။ မိုးမိတ် စေတီတော်နှင့်ဘေးတိုက်မကျအောင် နောက်သို့ဆုတ်၍တည်ထား ခဲ့သည်။

မိဖုရားများစီးသည့် ဘေးနှစ်ဖက်နှင့်ရှေ့ဖက်ဖွင့်ထားပြီး နောက်မှပိတ်ထားသောယာဉ်ပုံတော် အုတ်ပြသာဒ်ကြီးတည်ဆောက်ခါ၊ စက်တော်ရာကို အတွင်းတွင်သွတ်သွင်းတည်ထားခဲ့သည်။

ဝင်းတော်မှူးဘုရား

ဘုရားဘွဲ့တော်အမည်မှာ ရွှေဘုန်းပွင့်ဘုရားဖြစ်သည်။ မိုးမိတ်မင်းသားကြီး၏ဝင်းတော်မှူးတည်ခဲ့သော ဘုရားဖြစ်သည်။ မူလက တဝဂူအုတ်ပြသာဒ်အတွင်း အုတ်ရိုးဆင်းတုတော်ကြီးကို ရွှေပိန်းချထားသည်။

အချို့က လေးမျက်နှာဘုရားဟုလည်း ခေါ်သေးသည်။ ယခုအခါ၌ "လေးမျက်နှာရတနာရွှေဘုန်းပွင့်စေတီ" ဟုခေါ်နေ ကြသည်။

မင်းဗလစေတီ

မိုးမိတ်မင်းသားကြီး၏ ကိုယ်ရံတော်တပ်မှူး မင်းဗလ တည်ထားခဲ့သည့် စေတီဖြစ်သည်။ ၁၃၁၈ခု၊ စစ်ကိုင်းငလျင်ကြောင့် အလွန်အမင်းပျက်စီးခဲ့သည်။ မန္တလေးမှပွဲစားဦးပေါက် က ပြင်ဆင်ခဲ့၍ ဦးပေါက်ဘုရားဟုခေါ်ကြသေးသည်။

မင်းတေဇစေတီ

မိုးမိတ်မင်းသားကြီး၏ ကိုယ်ရံတော်တပ်မှူး မင်းတေဇ တည်ထားကိုးကွယ်ခဲ့သော စေတီတော်ဖြစ်သည်။ ဝင်းတော်မှူးကြီးကလည်း ဘုရားတည်၊ မင်းဗလကလည်း ဘုရားတည်သဖြင့် မင်းတေဇက အားကျကာ မင်းတေဇစေတီကို တည်ခဲ့ခြင်းဖြစ်သည်။

မင်းတေဇစေတီပျက်စီးသည်ကို မန္တလေးဘက်၊ သမင်ခြံ ရွာက လာရောက်ပြင်ဆင်ဘူးသည်။ သို့အတွက် သမင်ခြံဘုရား ဟုခေါ်ခဲ့ကြသေးသည်။ ထို့နောက် တဝက်ခန့်ပျက်စီးသွားပြန်သည်။ ယခုမှ ထပ်မံပြင်ဆင်ထားခြင်းဖြစ်သည်။ ယခုအခါတွင်မူ "မင်းတေဇစေတီ" ဟူ၍ပင် ခေါ်နေကြပြီဖြစ်သည်။

တိပိဋကနိကာယ ကျောင်းတိုက်ကြီး

(၁၃၄၀)ပြည့်နှစ်၊ ဝါဆိုလဆန်း (၅)ရက်နေ့တွင် စတင် ဖွင့်လှစ်ခဲ့သည်။ တိပိဋကနိကာယ ဗုဒ္ဓစာပေများကို သင်အံ လေ့ကျက်ပြီး တိပိဋကစာမေးပွဲ၊ နိကာယ်စာမေးပွဲများတွင် ဝင် ပြန်ဖြေဆိုလိုသည့် သာသနာ့အာဇာနည်လောင်းလျာများကို လက်ခံသင်ကြားပေးသည်။ ထိုလောင်းလျာများအတွက် ဆွမ်း ဘောဇဉ်၊

ချိုချဉ်အရသာ၊ အဖျော်ယမကာ၊ စတုမဓူဆေးများကို လိုလေသေး မရှိအောင် တိပိဋကနိကာယ သာသနာပြုအဖွဲ့ကြီးမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

မိုးမိတ်ကုန်းမြေတွင် ပန်းစောင်းတန်းကြီး၊ သောဘိဏ သိမ်တော်ကြီး၊ ငွေရတုပိဋကတ်တိုက်၊ ကျောက်စာတော် ဂန္ထကုဋိ တိုက်၊ သင်္ဂါယနာအမေးအဖြေကျောက်စာတိုက်၊ ငွေရတုသြဝါဒကထာ ကျောက်စာတိုက်၊ မုဋ္ဌလိန္တာအိုင်နှင့်ဗုဒ္ဓဆင်းတုတော်များ၊ မဟာဗောဓိ၊ အာနန္ဒာဗောဓိ၊ သယ်မိတ္တဗောဓိစသည့်ကြည့်ရှု မှတ်သားဘွယ်ရာ များစွာရှိသေးသည်။

သီရိမင်္ဂလာမဟာသုဘဒ္ဒါ

ဘိုးတော်ဘုရားအား ဟံသာဝတီ၊ ကြေးအိုင်မြို့နယ် မင်းလှ အရပ်က ရရှိဆက်သလာသော ဆင်ဖြူမဖြစ်သည်။ အမည်မှာ မနှင်းနွယ်ဖြစ်သည်။

ဘိုးတော်ဘုရားက ထိုဆင်ဖြူမကို အလွန်ချစ်မြတ်နိုး၍ သီရိမင်္ဂလာမဟာသုဘဒ္ဒါဟူသောဘွဲ့ကို ချီးမြှင့်ခဲ့သည်။

၎င်းအပြင် ဒုတိယနဝဒေးဘွဲ့ခံ ဝက်မစွပ်မြို့စားကြီးကို တောင် မော်ကွန်းရေးခိုင်းသည့်အတွက် မြို့စားကြီးက ၎င်းဆင်ဖြူမ အကြောင်းနှင့်ဟံသာဝတီမြို့တောင်၊ နိဗ္ဗာန်ရွာကရသည့် နိဗ္ဗာန ပစ္စယနာဂရာဇာဘွဲ့ခံ ဆင်ဖြူတော်ကြီးအကြောင်းကို မော်ကွန်းရေး ခဲ့ရသည်။ မော်ကွန်းအမည်မှာ "ဝိလာသိနီ" မော်ကွန်းဖြစ်သည်။

ထိုမော်ကွန်းပိုဒ်အရ (၄၆)မှ (၆၈)အထိ (၂၃)ပိုဒ်လုံး သီရိမလ္လာ မဟာသုဘဒ္ဒါဆင်မ၏ အကြောင်းဖွဲ့နွဲ့ရေးသားထားသည်။ ထိုဆင်ဖြူမသေသောအခါ ဘိုးတော်သည် အလွန်ချစ်မြတ်နိုး၍ မင်းကွန်းဘုရားကြီး၏ရာဟုထောင့် (အနောက်မြောက်ထောင့်)တွင် မြှုပ်နှံခဲ့သည်။

သုမင်္ဂလနှင့်ဒုမင်္ဂလ မတွဲကောင်းသည်ကို ဘိုးတော်ဘုရားသည် သုမင်္ဂလဖြစ်သည့်ဘုရားတည်ခြင်းနှင့်ဆင်မကိုသင်္ဂြိုဟ်ခြင်း ဒုမင်္ဂလကိုတွဲ၍လုပ်သောကြောင့် မင်းကွန်းဘုရားကြီးအပြီးမသတ်ဖြစ်ရသည်ဟု မဟာဇောတိကာရာမ ဆရာတော်ဘုရားကြီး၏ မှတ်စုတွင် တွေ့ရသည်။

ကျွန်းပင်မောင်နှမ

(၃၇)မင်း နတ်စာရင်းတွင်မပါသော နတ်ဖြစ်သည်။ မိုးမိတ်စော်ဘွားကြီး၏သားသမီးများဖြစ်သည်ဟု သူတို့နတ်ချင်းမှာဆိုသည်။

သည်မောင်နှမသည် အင်းရွာတိုက်နယ်၊ ရွှေလီမြင်းတွင်း ဝယ်ရေချိုးနေရာမှ ကျွန်းပင်လဲပြီး ဖိမိ၍သေရာက နတ်ဖြစ်သည်ဟု သိရသည်။

ဒိုးပင်ရွာနှင့်ဇက်ကူးရွာကြားမှာဖြစ်သည်ဟုဆိုသည်။ ကျွန်းပင်ကြီးများသည် ဧရာဝတီမြစ်စဉ်မှာ မျောပါလာပြီး သည်ကျွန်းပင်တွေပေါ်၌ နတ်မောင်နှမပါလာကြသည်။ မိုးမိတ်စေတီတော်ကြီးမှာ ဆွေဘုရားမျိုးဘုရားဖြစ်၍ ထိုဘုရားအနီး ကမ်းစပ်သို့ဝင်၍ကပ်သည်။

ဝက်ကူးရွာမှာ ကျွန်းပင်အစား စိုက်ထားရသည်ဆိုသည်။ ရေမျောကမ်းတင်နေသော ကျွန်းပင်ကြီးကို အိပ်မက်အရ မင်းကွန်းတောင်ရိုးအနောက်ဘက်တွင် တောရဆောက်တည်နေသည့်အုတ်ချပ်ဆရာတော်ဘုရားကြီးက နေစရာနတ်ကွန်းကလေး လုပ်ပေးရန် တပည့်များအား အမိန့်ပေးသဖြင့် တပင်တိုင်နန်း ကလေးလုပ်ပေးရာမှ ဆက်လက်ကိုးကွယ်နေကြသည်။

အထက်မြန်မာပြည်တွင် ပထမဦးဆုံး နတ်ပွဲဖြစ်သည်။

မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး၏ဗိမာန်တော်

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဒမ္မဇောတိကဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသမထေရ်ကျော်သည် စာအုပ်ပေါင်း(၄၄)အုပ်၊ စာမျက်နှာပေါင်း (၁၇၉၁၇)မျက်နှာကို အလွတ်ပြန်ဆိုရေးသားဖြေကြားနိုင်ခဲ့သော ပုဂ္ဂိုလ်ကျော်ဖြစ်သည်။ ပိဋကတ်သုံးပုံလုံးကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သောကြောင့် "ဗုဒ္ဓသာသနာ့ ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ"ဘွဲ့ရခဲ့ခြင်းဖြစ်သည်။ ဆရာတော်သည် အောင်လက်မှတ် (၁၈)စောင်နှင့် ဘွဲ့တံဆိပ်ပေါင်း (၂၉)ခုဆက်ကပ်ခံခဲ့ရပြီး၊ နောက်ဆုံးရရှိသော ဘွဲ့မှာ "အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက" ဘွဲ့ဖြစ်သည်။ ဆရာတော်ဘုရားကြီးသည် သက်တော် (၈၁)နှစ်၊ ဝါတော် (၆၁)ဝါ၊ ၁၃၅၄ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃)ရက်၊ (၉-၂-၉၃) အင်္ဂါနေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

ဆရာတော်ဘုရားကြီး၏ အံ့ဖွယ်သော သီလ၊ သမာဓိ၊ ပညာဂုဏ်တို့နှင့် ဗုဒ္ဓမြတ်စွာသာသနာတော် အဓွန့်ရှည်စွာ တည်တံ့ထွန်းကားပြန့်ပွားရေးအတွက် ကြိုးပမ်းစွမ်းဆောင်မှုများကို ကြည်ညိုသဒ္ဓါပွားများနိုင်ရန်နှင့် နောင်လာနောင်သားများ သိမှတ်နိုင်ကြစေရန် ရည်ရွယ်ချက်၊ အထိမ်းအမှတ် ဗိမာန် တော်ကို ပုထိုးတော်ကြီးနှင့်ခေါင်းလောင်းကြီးအကြားတွင် ဆောက်လုပ်ထားရှိသည်။ မဟာရာမ်အကျယ်အဝန်းမှာ (၁၅၀)ပေပတ်လည်ရှိသည်။ ဗိမာန်တော်မှာ အကျယ်(၇)ပေစီရှိသော ငါးမြှောင့်ပုံသဏ္ဌာန်ဖြစ်၍မြန်မာမှုဗိသုကာ လက်ရာများဖြင့် ဆင်ယင်ချယ်သထားသည်။

အမြင့်မှာ (၅၄)ပေရှိပြီး၊ အမိုးဘုံငါးဆင့်ပါဝင်သည်။ ဗိမာန်တော်၏ အမိုးထိပ်တွင် ဆရာတော်ဘုရားကြီး လက်ခံရရှိတော်မူခဲ့သည့် ဗုဒ္ဓသာသနာ့ ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒဘွဲ့ တံဆိပ်တော်ပုံ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ပုံ၊ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ပုံ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ပုံ၊ ပရိယတ္တိသာသနဟိတဓမ္မာစရိယဝံသကာဘွဲ့တံ ဆိပ်တော် ပုံတို့ကို ထွင်းထုထားသည်။

ဗိမာန်တော်နံရံပတ်လည်ပြင်ဘက်တွင် ဆရာတော်ဘုရားကြီး၏ ကြေးသွန်းပုံတူ ရုပ်ထုတော်(၃၀)တို့ ဝန်းရံထားထည့်သွင်း ပူဇော်ထားသည်။ ဗိမာန်တော်အတွင်း အလယ်ဗဟို၌ အရှေ့ဘက်မှဒ်အဝင် မျက်နှာပြုလျက်အမြင့်(၇)ပေရှိသော ဆရာတော်ဘုရားကြီး၏ ကြေးသွန်းပုံတူရုပ်ထုတော်ကိုလည်း

ပူဇော်ထားရှိသည်။ ဆရာတော် ဘုရားကြီး လက်ခံရရှိ တော်မူခဲ့သည့် ဘွဲ့တော်များ၊ ပြုစုရေးသားတော်မူခဲ့သည့် ကျမ်းစာအုပ်များ၊ ဆရာတော်ဘုရားကြီး၏ ပုံတော်ပန်းချီကားများကိုလည်း ပူဇော် ထားရှိသည်။

ဗိမာန်တော်ကို ငွေကျပ် (၇၃)သိန်းကျော် အကုန်အကျခံ၍ တည်ဆောက်ခဲ့ပြီး (၁၃-၁၁-၉၄)တနင်္ဂနွေနေ့တွင် အခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့သည်။

စောင့်ကြို့နေမယ်

ရေး-သခင်လှမောင် ဆို-မစိမ်းစိမ်း

(ရှုခင်းလေးသာစွာ × သာစွာ × သဘာဝရွှာအလှကျက်သရေ× ရောဝတီမြစ်ကမ်းခြေနဖူးမှာ အပန်းဖြေမြူးစရာ ကြည်နူးဖွယ်ပေ × မင်းကွန်းလူ့အိုးရုံ × တည်ပုံထူးခြားသလေ × တွယ်တာမဲ့ကင်းဆင်းရဲသူမှန်သမျှ × လူမျိုးမရွေးချယ် × ဘာသာမခွဲခြားပေ × ဘိုးအိုဘွားအိုတတွေ × မှိုခိုကာနား × အားထားစရာဌာနေ × × ×)၂

(ရွှေ့မှာရောဝတီ × သီတာရေယာဉ်စီးဆင်းပတ်ခွေ × ဘေးပတ်လည် × သပ္ပာယ်ကြည်ညိုဘွယ်ပေ × မင်းကွန်းပုထိုးဘုရား× မိုးဖျားမြင့်ခေါင် × ခြောက်ရောင်ခြည်လျှမ်း × တင့်ဆန်းကျက်သရေ× ဝင့်သန်းယှက်နေ × ပုံတော် × စက်တော်ရာ × တမူခြားအဆူဆူဘုရား × အတူသွားဖူးမယ်လေ xxx)၂

(အနောက်နားတောင်ဖျား×လျှောက်သွားရင်လေ ထူးခြားတာတွေတွေ့ရမလေ × ကမ္ဘာကျော်ခေါင်းလောင်းကြီးက × ထီးထီးရပ်တည်နေ × ခြင်္သေ့ကြီးတွေ မြင့်မားပါဘိ × ထင်ရှားစွာရှိနေ × အဆန်းအလှတမူပြ × နန်းအမရပူရခေတ်ဟောင်း × အနုပညာအမွေ xxx)၂

(မြသိန်းတန်ထင်ရှား × မြတ်ဘုရားဇီနေ × ဖူးမျှော်ကာပြန်ထွက်လို့ × ခရိုဆက်ကြည်းစို့လေ ဉာဏကဝေသီ × အရိယမဂ္ဂင်မသွေ × မနောမယ × ရှားပင် × ဝင်စရာများလှပေ × ရန်ကင်းဓမ္မစကြာဓမ္မနာဒ × ဒုတ်ချပ်ကျောင်းတွေ × ဇေတဝန်မိုးမိတ်နိကာယ် × ကြည့်ဖွယ်စုံလင် ဂုဏ်တင်စရာပေ × ရန်ပြေမာန်ပြေ × ဗောဓိပိုင်းပရမေ × လွတ်ရေးဓာတုစေတီ × မွေသရီမြတ်ဘုရားနဲ့ အနားကဝက်ပါဂူဝင်မလေ × ရွှေမြင်းတင်တောင်ပေါ် တက်ခါ×ဖူးမြင်စမ်းမလေ × မြူးရွှင်အပန်းဖြေ × သာယာစုံပြေ မင်းကွန်းရွာက × ထားဝရစောင့်ကြို့နေ xx)၂

မင်းကွန်းဗုဒ္ဓဘာသာဘိုးဘွားရိပ်သာ
ကြီးကြပ်မှုကော်မတီ
၃၁ လမ်း၊ ၈၃ × ၈၄ လမ်းကြား၊ မန္တလေးမြို့။
(မန္တလေးရုံး) ☎ ၀၂-၆၀၅၆၄
(မင်းကွန်းရုံး) ၀၉-၆၄၆၃၈၁၂
(ဥက္ကဋ္ဌ) ၀၉-၂၀၂၃၉၈၄
(အတွင်းရေးမှူး) ၀၉-၂၀၁၃၄၆၆

ခေတ်မီ အော့ဖ်ဆက်
၈၁ လမ်း × ၃၃ လမ်းထောင့်၊ မန္တလေးမြို့ ။ (ဖုန်း) ၀၂-၆၀၈၅၁